## မာတိကာ


| | |
|---|---|
| စာရေးသူအမှာ | ၇ |
| ပတ်ဝန်းကျင်က မြတ်ဓမ္မ | ၁၁ |
| ရှုံးသူ နိုင်သူ ရှုံးတဲ့သူ | ၁၄ |
| နေရာတိုင်းမှာ သူတို့ ရှိနေကြတယ် | ၁၉ |
| အရက်သမားရဲ့ စကား | ၂၆ |
| အညာသူရဲ့ သဒ္ဓါတရား | ၃၀ |
| ဇာတိသဃရဲ့ အညာသူ | ၃၆ |
| စေတနာသာလျှင် အဓိကပါ | ၄၀ |
| ပါရမီကောင်းသူ ဖြစ်ပါသတဲ့ | ၄၃ |
| ကြားခဲ့ရတဲ့ စကားတစ်ခွန်း | ၅၀ |
| အဖန်ငါးရာငါးကမ္ဘာ | ၅၄ |
| အမြတ်ဆုံးတရား | ၆၀ |
| အမှားကိုပြင် အမှန်မြင် | ၆၉ |
| ရိုးရိုးကျင့် မြင့်မြင့်ကြံ | ၇၇ |
| ဝိပါက်ကြမ္မာ မလွတ်သာ | ၈၀ |
| ဒီလိုသင်တန်းမျိုး ရှိသင့်ပါသတဲ့ | ၈၇ |
| မျိုးဆက်သစ်တို့ရဲ့ ဘာသာရေး | ၉၁ |
| ထူးဆန်းပုစ္ဆာ | ၉၇ |
| မြတ်တရား စွမ်းပကား | ၉၉ |
| သတိမမူ ဂူမမြင် | ၁၀၂ |
| နှုတ်ဆက်ကြတာ အပြစ်လား | ၁၀၅ |
| လူတိုင်းချမ်းသာချင်ရင် ဘယ်လိုလုပ်မလဲ | ၁၁၃ |
| မြတ်သောသေချင်း ဖြစ်ပါစေ | ၁၁၈ |
| ဝါကျွတ်ပွဲမှ မြတ်ဓမ္မ | ၁၂၃ |
| ကားသမားနဲ့ ဓာတော | ၁၃၂ |
| တရားဟောသူ တရားနာသူ | ၁၃၆ |
| ဘဝသမားကပြောတဲ့ ဘဝအကြောင်း | ၁၄၀ |
| မိတ္တူဆိုင်က မြတ်ဓမ္မ | ၁၄၅ |
| အတွေးထဲက မြတ်ဓမ္မ | ၁၄၈ |
| ဘဝပန်းချီကားချပ် ဆွဲတတ်ပါစေ | ၁၅၇ |
| လွယ်အိတ် | ၁၆၃ |
| မွေးနေ့နဲ့တူတဲ့ မွေးနေ့ | ၁၆၈ |
| အယ်ဒီတာချုပ်တစ်ဦးရဲ့ စကား | ၁၇၆ |




## စာရေးသူအမှာ

ပတ်ဝန်းကျင်မှာ နေ့စဉ် ဖြစ်ပျက်နေတဲ့အကြောင်းအရာများကို "သတိမမူ ဂူမမြင်" ဆိုတာလို သတိမထားရင် မသိနိုင်ပေမဲ့ သတိထားမိရင်တော့ တန်ဖိုးမဖြတ်နိုင်တဲ့သဘာဝအမှန်တရားများကို တွေ့မြင်ကြရမှာပါ။ ထိုသဘာဝအမှန်တရားများကို စာချစ်သူများအား ဖြန့်ဝေပေးရင်ကောင်းမှာပဲ ဆိုတဲ့ အတွေးနဲ့အတူ ပြန့်ကျဲနေတဲ့စာပုလဲပန်းများကို တစ်စုတစ်ဝေးတည်းဖတ်ရအောင် သီကုံးပေးလိုက်ရပါတယ်။

"ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလို၊ ဂရုစိုက်နေရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေကြရတာကွ" လို့ ပတ်ဝန်းကျင်နဲ့စပ်ပြီး ပြောဆိုတဲ့စကားသံများကို လူနေမှုရပ်ဝန်းမှာ ကြားကြရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကတော့ စာချစ်သူများရဲ့ဝန်းကျင်မှာ အရင်ကလဲရှိခဲ့သလို အခုလဲရှိနေတယ်၊ နောင်လဲရှိနေအုံးမှာပါ။ အချိန်တွေ တဖြေးဖြေးကုန်ဆုံးနေသလို ပတ်ဝန်းကျင်ကလဲ အချိန်နဲ့အမျှ ပြောင်းလဲမှုတွေ ရှိနေတယ်ဆိုတာ သတိထားကြရမှာပါ။

လူသားတွေမှာ သူ့ပတ်ဝန်းကျင်နဲ့သူ ရှိကြပါတယ်။ သူဌေးများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ ကုန်သည်များကလဲ သူ့ပတ် ဝန်းကျင်





နဲ့သူ၊ လယ်လုပ်သူများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ ဆင်းရဲသားများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ၊ သူတောင်းစားများကလဲ သူ့ပတ်ဝန်းကျင်နဲ့သူ အသီးသီး ရှိနေကြပါတယ်။

လူသားတွေမှာ ပတ်ဝန်းကျင်ရဲ့ လှုံ့ဆော်မှုကြောင့်လဲ အိမ်ထောင်ရေးပြဿနာ၊စီးပွားရေးပြဿနာ၊ကျန်းမာရေးပြဿနာ၊လူမှုရေးပြဿနာစတဲ့ ဘဝမှာ မလိုလားအပ်တဲ့ပြဿနာအမျိုးစုံ ကြုံရတတ်ပါတယ်။

ဒီလိုပါပဲ ပတ်ဝန်းကျင်က ပေးတဲ့အသိကြောင့် အတွေးအမြင်အသစ်တွေပေါ်ကာ ဘဝတိုးတက်ပြောင်းလဲသွားရတာတွေရှိပါတယ်။

ပတ်ဝန်းကျင်ကြောင့် ဆင်းရဲဒုက္ခရောက်ရတာရှိသလို ချမ်းသာပျော်ရွှင်ကြရတာလဲ ရှိပါတယ်။

ပတ်ဝန်းကျင်ကပေးတဲ့အသိ၊ ပတ်ဝန်းကျင်ကပေးတဲ့အတွေ့အကြုံ၊ ပတ်ဝန်းကျင်ကပေးတဲ့ဓမ္မများကို ဘဝသင်ခန်းစာအဖြစ် ယူတတ်ကြမယ်ဆိုပါက ဘဝအတွေ့အကြုံများ ရင့်ကျက်လာပြီး ဘဝမှာ ခံနိုင်ရည်စွမ်းအား မြင့်မားလာမှာ အမှန်ပါ။

စာချစ်သူများရဲ့ဝန်းကျင်မှာ ကောင်းတာရော ဆိုးတာရော နှစ်မျိုးစလုံးနဲ့ တွေ့ကြုံကြရမှာပါ။ ကောင်းတာပဲဖြစ်စေ၊ဆိုးတာပဲဖြစ်စေ တွေ့ကြုံရတဲ့အခါမှာ သတိတရားထားပြီး နှလုံးသွင်းမှန်ကန်ဖို့ပါ။ ဒါဆိုရင် တွေ့ကြုံရတဲ့ပတ်ဝန်းကျင်မှာ သဘာဝကျကျ မှန်မှန်ကန်ကန် မြင်တတ်မှာပါ။ ဒီလို အမှန်ကို မြင်တတ်မယ်ဆိုရင် တွေ့ကြုံရသမျှ ပတ်ဝန်းကျင်များဟာ "ဓမ္မ" လမ်းကြောင်းပေါ် ရောက်နေပါလိမ့်မယ်။

လေယာဉ်တစ်စင်းဟာ လေယာဉ်ပြေးလမ်းပေါ်မှာ တည့်မတ်စွာသွားမှ အရှိန်ရကာ ကောင်းကင်ပေါ် ပျံတက်နိုင်တယ်။ လမ်းချော်သွားမယ်ဆိုရင်တော့ ကောင်းကင်ပေါ် မပျံတက်နိုင်တော့ပါဘူး။





ဒီလိုပါပဲ စာချစ်သူများလဲ ပတ်ဝန်းကျင်ဆိုတဲ့ လေယာဉ်ပြေးလမ်းမကြီးပေါ်မှာ ဓမ္မအမြင်နဲ့နှလုံးသွင်းနိုင်ပါမှ အလိုရှိတဲ့ အဆင့်မြင့်တဲ့ဘဝကို တက်လှမ်းနိုင်ကြမှာပါ။ ဒီလိုမှမဟုတ်ဘဲ ပတ်ဝန်းကျင်ဆိုတဲ့ပြေးလမ်းမကြီးပေါ်မှာ နှလုံးသွင်းမမှန်ဘဲ အဓမ္မအမြင်သာ ရှိကြမယ်ဆိုရင် လမ်းချော်သွားနိုင်တယ်။ အဆင့်အတန်းနိမ့်တဲ့ဘဝကို မလိုချင်ပဲ ရသွားနိုင်ပါတယ်။

ဒါကြောင့် လူသားတိုင်း ပတ်ဝန်းကျင်နဲ့မကင်းကြသလို ပတ်ဝန်းကျင်ကပေးတဲ့ဓမ္မတွေကို သတိထားမိပြီး အသိတရားရစေဖို့အတွက် "ပတ်ဝန်းကျင်က မြတ်ဓမ္မ" လို့ စာအုပ်နာမည်တတ်ရခြင်း ဖြစ်ပါတယ်။ ထိုထိုပြန့်ကြဲနေတဲ့ ဓမ္မပန်းပွင့်ကလေးများကို ဓမ္မပန်းကုံးအဖြစ်သို့ရောက်အောင် ကြိုးစားသီကုံးပေး လိုက်ပါတယ်။

နိဂုံးချုပ်ပြောလိုတာက စာအုပ်ပါအကြောင်းအရာများကို အမှားနည်းပါး အမှန်များအောင် မေတ္တာဖြင့် 'ပရု' ဖတ်ပေးတဲ့ ဦးဇောတိက (စာရေးဆရာညီမြင်းဟန်-အုတ်ဖို)အားလည်းကောင်း၊ စာအုပ်ခေါင်းစဉ်နဲ့ လိုက်ဖက်အောင် မျက်နှာဖုံးဒီဇိုင်းရေးဆွဲပေးတဲ့ ဆရာနေဝင်းအောင်တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း....

ဘဝအသိရရှိကြပြီး ကျန်းမာပျော်ရွှင်ကြပါစေ
ဦးကောဝိဒ(မြိတ်)